The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၉) ၊ အမှတ်(၉) ၊ စက်တင်ဘာလ ၃၀ ၊ ၂၀၂၄

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# စစ်ရေးတင်းမာနေသည့်သံဖြူဇရပ်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှု ဆက်တိုက်ဖြစ်ပွားနေ



စာမျက်နှာ (၄) သို့

## သံဖြူဇရပ်တွင် လူမှုကူညီရေးအသင်းအဖွဲ့ဝင် (၈) ဦးနှင့် ဒေသခံပြည်သူ (၂) ဦးကို ထောက်ပို့စွပ်စွဲချက်ဖြင့် စစ်ကောင်စီဖမ်းဆီး




**စက်တင်ဘာ ၂၆၊ ၂၀၂၄**

၂၀၂၄ စက်တင်ဘာလ (၁၈) ရက်နေ့မှ (၂၂) ရက်နေ့အတွင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ လူမှုကူညီရေးအသင်းအဖွဲ့ဝင် (၈) ဦးနှင့် ဒေသခံပြည်သူ (၂) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ထောက်ပံ့ကူညီနေသည်ဟု စွပ်စွဲကာ စစ်ကောင်စီက ဖမ်းဆီးထားကြောင်း သိရသည်။

စာမျက်နှာ (၆) သို့

## INSIDE

ချောင်းဆုံတွင် စစ်မှုထမ်းသင်တန်းသား ထောက်ပံ့ရန်ဟုဆိုကာ လစဉ်ငွေကြေးကောက်ခံနေ — စာမျက်နှာ (၁၀) သို့

ချောင်းတောင်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံခဲ့ရသည့် အမျိုးသမီးတစ်ဦး သတင်းအစအန — စာမျက်နှာ (၁၆) သို့

၂၀၂၄ ဇန်နဝါရီလ မှ စက်တင်ဘာလအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း — စာမျက်နှာ (၁၈) သို့

၂၀၂၄ စက်တင်ဘာလ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း — စာမျက်နှာ (၂၃) သို့

ရေဖြူတွင် မူးယစ်ဆေးဝါးသုံးစွဲသူများကို ဖမ်းဆီးပြီး ငွေညှစ်မှုကို KNU က ဆက်တိုက်လုပ်ဆောင်လာစစ်မှုထမ်းရန်ဖမ်းဆီး — စာမျက်နှာ (၂၈) သို့

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# မြေမြှုပ်မိုင်းပေါက်ကွဲမှု၊ အစုလိုက်အပြုံလိုက်ဖမ်းဆီးမှုများနှင့် သံဖြူဇရပ်

## (၂၀၂၄ စက်တင်ဘာလအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၉) အမှတ် (၉) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက် ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၄ စက်တင်ဘာလတွင် မြို့နယ် (၁၆) မြို့နယ်မှ လူအခွင့်အရေးချိုးဖောက်မှုသတင်း အပုဒ် (၆၀) နီးပါးကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

လူ့အခွင့်အရေးချိုးဖောက်မှုအရေအတွက်သည် တစ်လလျှင် (၅၀) (၆၀) နီးပါး ရှိနေသဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် စစ်ကောင်စီက လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် လွန်လွန်ကျူးကျူး ကျူးလွန်နေကြောင်း သိနိုင်သည်။

ယခုလတွင် အထူးသဖြင့် စစ်ရေးတင်းမာနေသည့်သံဖြူဇရပ်မြို့နယ်၌ မြေမြှုပ်မိုင်း ပေါက်ကွဲမှုများ မကြာခဏ ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းပြင် စစ်ကောင်စီက လူမှုကူညီရေးအသင်းဝင်များအပါအဝင် ဒေသခံပြည်သူများကို ဆက်တိုက်ဖမ်းဆီးထိန်းသိမ်း ခဲ့သည်။

သံဖြူဇရပ်မြို့နယ်တွင် စစ်ရေးတင်းမာမှုများ ပိုမိုကြီးထွားလာသည်နှင့်အတူ ရဲတံခွန်၊ အေးသာယာနှင့် အတွင်းစခန်းကြီးကျေးရွာများတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုများ ဆက်တိုက် ဖြစ်ပွားလာသည်။

မွန်လူထုအသံက ကောက်ခံရရှိထားသည့်အချက်အလက်များအရ ၂၀၂၄ ဇူလိုင်လ (၁၁) ရက်မှ စက်တင်ဘာလ (၁၀) ရက်နေ့အထိ (၂) လတာ ကာလအတွင်း မြေမြှုပ်မိုင်းပေါက်ကွဲ မှုကြောင့် ဒေသခံပြည်သူ (၆) ဦးအထိ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အထက်ဖော်ပြပါကျေးရွာများမှ ဒေသခံပြည်သူများသည် ဝမ်းရေးအတွက် အနီးအနားတောတောင်များတွင် ထင်းခုတ်ခြင်း၊ မှိုရှာခြင်းနှင့် ဝဥတူးခြင်းတို့ကို လုပ်ကိုင်နေရပြီး မြေမြှုပ်မိုင်းပေါက်ကွဲမှုက ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းနှင့် အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည်။

၎င်းပြင် ၂၀၂၄ စက်တင်ဘာလ (၁၈) ရက်နေ့မှ (၂၂) ရက်နေ့အတွင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ လူမှုကူညီရေးအသင်းအဖွဲ့ဝင် (၈) ဦးနှင့် ဒေသခံပြည်သူ (၂) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ထောက်ပံ့ကူညီနေသည်ဟု စွပ်စွဲကာ စစ်ကောင်စီက ဖမ်းဆီးထားကြောင်း သိရသည်။

သံဖြူဇရပ်မြို့ပေါ်အပြင် ကျေးရွာများတွင်လည်း စစ်ကောင်စီက အရပ်သားများကို နေအိမ်အထိ လိုက်လံဖမ်းဆီးနေသည်။ ဖမ်းဆီးထားသူများကို သံဖြူဇရပ်မြို့နယ် ဝဲကလိအခြေစိုက် အမှတ် (၃၁၅) အမြောက်တပ်ရင်းတွင် ထိန်းသိမ်းထားကြောင်း သိရသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်းမှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၄ စက်တင်ဘာလ

# စစ်ရေးတင်းမာနေသည့်သံဖြူဇရပ်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှု ဆက်တိုက်ဖြစ်ပွားနေ



**စက်တင်ဘာ ၂၀၊ ၂၀၂၄**

၂၀၂၄ ဇူလိုင်လမှစ၍ စစ်ကောင်စီတပ်က မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ် (၈) ပြည်ထောင်စုကားလမ်းမကြီး၏ သံဖြူဇရပ်-ရေး ကားလမ်းပိုင်းတလျှောက်ရှိ ကျေးရွာများတွင် စစ်အင်အားဖြည့်တင်းလာပြီး တော်လှန်ရေးအင်အားစုများနှင့် တိုက်ပွဲများ မကြာခဏဖြစ်ပွားနေသည်။

သံဖြူဇရပ်မြို့နယ်တွင် စစ်ရေးတင်းမာမှုများ ပိုမိုကြီးထွားလာသည်နှင့်အတူ ရဲတံခွန်၊ အေးသာယာနှင့် အတွင်းစခန်းကြီးကျေးရွာများတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားလာသည်။

မွန်လူထုအသံက ကောက်ခံရရှိထားသည့်အချက်အလက်များအရ ၂၀၂၄ ဇူလိုင်လ (၁၁) ရက်မှ စက်တင်ဘာလ (၁၀) ရက်နေ့အထိ (၂) လတာ ကာလအတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒေသခံပြည်သူ (၆) ဦးအထိ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရဲတံခွန်ကျေးရွာမှ ဒေသခံ (၃) ဦး၊ အေးသာယာကျေးရွာရှိ ရာဘာစက်ရုံမှ အလုပ်သမား (၂) ဦးနှင့် အတွင်းစခန်းကြီးကျေးရွာရှိ ရာဘာခြံသို့သွားရောက်သည့် ပင‌ကျေးရွာမှ ဒေသခံပြည်သူ (၁) ဦးတို့ ထိခိုက်ခဲ့ခြင်း ဖြစ်သည်။

“အများစုက ရဲတံခွန် စခန်းကြီး အေးသာယာရွာဘက်တွေမှာ ဝဋ္ဌသွားတူးရင်း နင်းမိတာ များတယ်။ ခြံသွားရင်း နင်းမိတာ (၂) ယောက် ရှိတယ်။ အခုတလော မိုင်းအန္တရာယ် ပိုပိုများလာတယ်” ဟု သံဖြူဇရပ်မြို့ခံတစ်ဦးက ပြောသည်။

အထက်ဖော်ပြပါကျေးရွာများမှ ဒေသခံပြည်သူများသည် ဝမ်းရေးအတွက် အနီးအနားတောတောင်များတွင် ထင်းခုတ်ခြင်း၊ မှိုနှုတ်ခြင်းနှင့် ဝဥတူးခြင်းတို့ကို လုပ်ကိုင်နေရသည်။

သံဖြူဇရပ်-ရေးကားလမ်းမတလျှောက်တွင် တော်လှန်ရေးအင်အားစုများက အားကောင်းနေပြီး စစ်ကောင်စီ တပ်ရင်းများက ၎င်းတို့၏လုံခြုံရေးအတွက် တပ်စခန်းအနီးတဝိုက်တွင် မြေမြှုပ်မိုင်းများ ထောင်ထားလေ့ရှိကြောင်း ဒေသခံများက ပြောသည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စစ်ကောင်စီတပ်သာမက တော်လှန်ရေးအင်အားစုများကပါ နှုတ်ဆိတ်နေသည်။

သံဖြူဇရပ်-ရေးကားလမ်းမတလျှောက်တွင် သံဖြူဇရပ်မြို့နယ် ဝဲကလိအခြေစိုက် အမှတ် (၃၁၅) အမြောက်တပ်ရင်းနှင့် ရေးမြို့နယ် မော့ကနင်အခြေစိုက် အမှတ် (၃၁၇) အမြောက်တပ်ရင်းတို့ တည်ရှိနေသည်။

၎င်းပြင် အဆိုပါကားလမ်းပိုင်းတွင် ဒေါနစစ်ကြောင်း (Dawna Column)၊ Ye Air Force (YAF)၊ ရေးပြောက်ကျားတပ်ဖွဲ့ (Ye Guerrilla Force – YGF)၊ ရေးပြည်သူ့ကာကွယ်ရေးတပ် (Ye Defense Force – YDF)၊ တနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (All Burmese Students Democratic Front – ABSDF) တပ်ရင်း (၁)၊ မွန်ပြည်နယ်အခြေပြု တော်လှန်ရေးအဖွဲ့အစည်း (Mon State Revolutionary Organization)နှင့် မွန်ပြည်တော်လှန်ရေးတပ် (Mon State Revolutionary Force) တို့လည်း နယ်မြေစိုးမိုးလျက်ရှိသည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှုအပြင် စစ်ကောင်စီတပ်က လက်နက်ကြီးပစ်ခတ်မှုနှင့် ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုတို့ကြောင့်လည်း ယခုနှစ်တွင် သံဖြူဇရပ်-ရေးလမ်းအနီးရှိ ဒေသခံပြည်သူ (၇) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**"နောက်နှစ်ရာသီအတွက် အခုထိ ခြံထဲမှာ မြက်မခုတ်(မရှင်း)ရသေးဘူး။ တိုက်ပွဲရော လက်နက်ကြီးရော မြေမြှုပ်မိုင်းရောပဲ။ နောက်တစ်ခုက ဒရုန်းနဲ့ ဗုံးကြဲနေတော့ ဘယ်သူမှ အပြင်သိပ်မထွက်ကြဘူး"** ဟု အတွင်းစခန်းကြီးကျေးရွာမှ ရာဘာခြံပိုင်ရှင်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၂၀ ခုနှစ်တွင်လည်း မွန်ပြည်သစ်ပါတီနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ ပူးတွဲထိန်းချုပ်သည့် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကြောင်လျှာကွင်းဒေသတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှု ဆက်တိုက်ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူ (၁၀) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်အတွက် နှစ်ဖက်အဖွဲ့အစည်းများက တွေ့ဆုံဆွေးနွေးခဲ့သော်လည်း တိကျရေရာသည့်ဖြေရှင်းချက်မျိုး မရရှိခဲ့ချေ။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကောက်ခံရရှိထားသည့် အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် မွန်ပြည်နယ်၌ မြေမြှုပ်မိုင်းပေါက်ကွဲမှု (၁၉) ကြိမ် ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူ (၄) ဦး သေဆုံးကာ (၂၄) ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

# သံဖြူဇရပ်တွင် လူမှုကူညီရေးအသင်းအဖွဲ့ဝင် (၈) ဦးနှင့် ဒေသခံပြည်သူ (၂) ဦးကို ထောက်ပို့စွပ်စွဲချက်ဖြင့် စစ်ကောင်စီဖမ်းဆီး




**စက်တင်ဘာ ၂၆၊ ၂၀၂၄**

၂၀၂၄ စက်တင်ဘာလ (၁၈) ရက်နေ့မှ (၂၂) ရက်နေ့အတွင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့မှ လူမှုကူညီရေးအသင်းအဖွဲ့ဝင် (၈) ဦးနှင့် ဒေသခံပြည်သူ (၂) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ထောက်ပံ့ကူညီနေသည်ဟု စွပ်စွဲကာ စစ်ကောင်စီက ဖမ်းဆီးထားကြောင်း သိရသည်။

စက်တင်ဘာ (၁၈) ရက်နေ့တွင် သံဖြူဇရပ်မြို့ အောင်မင်္ဂလာရပ်ကွက်မှ "ပိုင်ရှင်မဲ့" လူမှုကူညီရေးရုံးကို စစ်ကောင်စီက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်စီးနင်းခဲ့ပြီး အသင်းဥက္ကဋ္ဌ ဦးရဲမင်းထိုက် အပါအဝင် အဖွဲ့ဝင် (၅) ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

စက်တင်ဘာလ (၂၀) ရက်နေ့တွင် နောက်ထပ်အဖွဲ့ဝင် (၃) ဦးကို စစ်ကောင်စီက ထပ်မံဖမ်းဆီးခဲ့ပြီး စက်တင်ဘာလ (၂၂) ရက်နေ့တွင် သံဖြူဇရပ်မြို့ ကြံ့ခိုင်ရေးရပ်ကွက်နှင့် ကိုးနဝင်းရပ်ကွက်မှ အသက် (၃၀) အရွယ် အမျိုးသား (၂) ဦးကို ဆက်လက်ဖမ်းဆီးခဲ့ပြန်သည်။

**"(၁၀) ယောက်စလုံးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နဲ့ ဆက်သွယ်နေတာဆိုပြီး (စွပ်စွဲထားတယ်)။ လက်နက်နဲ့ ထောက်ပို့ပစ္စည်းတွေ သယ်ယူပို့ဆောင်ခဲ့တယ် ပြောတယ်"** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ဖမ်းဆီးထားသူများကို သံဖြူဇရပ်မြို့နယ် ဝဲကလိအခြေစိုက် အမှတ် (၃၁၅) အမြောက်တပ်ရင်းတွင် ထိန်းသိမ်းထားကြောင်း သိရသည်။

သံဖြူဇရပ်မြို့ပေါ်အပြင် ကျေးရွာများတွင်လည်း စစ်ကောင်စီက အရပ်သားများကို နေအိမ်အထိ လိုက်လံဖမ်းဆီးနေကြောင်း သိရသည်။

**"ပြီးခဲ့တဲ့လ နောက်ဆုံးအပတ်မှာ ရွာက ဆေးထိုးတဲ့ဆရာတစ်ယောက်ကို ဖမ်းသွားတာ ခုချိန်ထိ ပြန်မလွတ်သေးဘူး"** ဟု သံဖြူဇရပ်မြို့နယ် ကျေးရွာတစ်ရွာမှ ဒေသခံတစ်ဦးက ပြောသည်။

၂၀၂၄ မတ်လ (၂၅) ရက်နေ့တွင် သံဖြူဇရပ်မြို့နယ် ဝါခရူကျေးရွာမှ အသက် (၂၀) အရွယ် လူငယ်တစ်ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ထောက်ပို့ပြုလုပ်သည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ပြီး ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင်လည်း ဒေသခံလူငယ်တစ်ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့သည်။

၂၀၂၃ နိုဝင်ဘာလ နောက်ဆုံးအပတ်နှင့် ဒီဇင်ဘာလတွင်လည်း အလားတူစွပ်စွဲချက်များဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူ အယောက် (၇၀) နီးပါးကို ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးခံရသူများအနက် (၂) ဦးသည် စစ်ကြောရေးတွင် သတ်ဖြတ်ခံခဲ့ရပြီး နေအိမ်နှင့် ဆိုင် (၂၀) ကျော်ကိုလည်း စစ်ကောင်စီက ချိပ်ပိတ်ခဲ့သည်။

# မောင်မယ်ရှောင်တွင် စစ်တပ်က နေအိမ်များကို ထပ်မံမီးရှို့



**စက်တင်ဘာ ၂၄၊ ၂၀၂၄**

၂၀၂၄ စက်တင်ဘာလ (၂၀) ရက်နေ့တွင် စစ်ကောင်စီစစ်ကြောင်းသည် တနင်္သာရီတိုင်း ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာကို ဝင်ရောက်လာပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။

တိုက်ပွဲပြီးနောက် စက်တင်ဘာလ (၂၃) ရက်နေ့အထိ ဒေသခံပြည်သူများ၏နေအိမ် အလုံး (၃၀) ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း စစ်ဘေးရှောင်ပြည်သူတစ်ဦးက ပြောသည်။

**“စက်တင်ဘာ (၂၀) ရက်နေ့ နေ့လည်ပိုင်းမှာ မီးခိုးတွေ ထွက်လာတယ်။ ရွာလယ်ဆေးခန်းနားက နေအိမ် (၃) လုံး မီးရှို့ခံရတယ်။ (၂၂) ရက်နေ့မှာ တိုက်ပွဲထပ်ဖြစ်ပြီးတော့ နောက်တစ်နေ့မနက်ပိုင်းမှာ အိမ်တွေကို ထပ်မီးရှို့တယ်”** ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

အဆိုပါစစ်ကြောင်းသည် စက်တင်ဘာလ (၂၄) ရက်နေ့အထိ မောင်မယ်ရှောင်ကျေးရွာတွင် ရှိနေပြီး နေအိမ်များကို ဆက်လက်မီးရှို့နေကြောင်း သိရသည်။

**“ခုတောင် မီးခိုးလုံးတွေ တက်လာတုန်းပဲ။ ဒီတစ်ခါတော့ အိမ်တွေ အများကြီးပဲ မီးရှို့ခံလိုက်ရတယ်။ တိုက်ပွဲဖြစ်ရင် လာပစ်တဲ့သူကို မလိုက်ဘူး၊ ရွာသားတွေရဲ့အိမ်တွေကိုပဲ မီးရှို့နေတယ်”** ဟု စစ်ဘေးရှောင်အမျိုးသမီးတစ်ဦးက ပြောသည်။

တိုက်ပွဲတွင် စစ်ကောင်စီဘက်က ထိခိုက်ကျဆုံးမှုများသဖြင့် ကျေးရွာအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးနေခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

**“စက်တင်ဘာလ (၂၃) ရက်နေ့ မနက်ပိုင်းမှာ ရှို့လိုက်တဲ့မီးက နေ့လည်ပိုင်းအထိ ဆက်လောင်နေတယ်။ မီးခိုးတက်တဲ့ပုံစံက မီးလောင်တဲ့အိမ်တွေ အရင်ကထက် ပိုများတဲ့ပုံပဲ”** ဟု ဒေသခံတစ်ဦးက ပြောသည်။

၂၀၂၄ ဇူလိုင်လ (၂၄) ရက်နေ့တွင်လည်း စစ်ကောင်စီစစ်ကြောင်းတစ်ခုက မောင်မယ်ရှောင်ကျေးရွာတွင် (၁) လကျော်ကြာ ဝင်ရောက်တပ်စွဲခဲ့သဖြင့် ဒေသခံပြည်သူ (၁,၀၀၀) ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အဆိုပါစစ်ဘေးရှောင်ပြည်သူများသည် ယနေ့အချိန်အထိ နေရပ်မပြန်နိုင်သေးချေ။

**“လူမရှိတဲ့နေအိမ်တွေကို (စစ်ကောင်စီတပ်သားတွေက) ဖောက်ထွင်းဖျက်ဆီးတယ်။ မီးရှို့တယ်။ တစ်ရွာလုံးနီးပါး ပျက်စီးနေပါပြီ”** ဟု မောင်မယ်ရှောင်ဒေသခံတစ်ဦးက ပြောသည်။

# လက်နက်ကြီးထိမှန်သူ အရပ်သား (၃) ဦး အချိန်မီ ဆေးကုသခွင့် မရသဖြင့် အသက်သေဆုံး



**စက်တင်ဘာ ၁၆၊ ၂၀၂၄**

၂၀၂၄ စက်တင်ဘာလ (၁၁) ရက်နေ့ မနက်ပိုင်းတွင် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် ကျွဲထိန်းကုန်းကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း ဗောဓိကမ်းတံတားတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ကူပေးခဲ့သည်။

လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ကျွဲထန်းကုန်းကျေးရွာမှ အသက် (၄၀) အရွယ် ဒေါ်စန်းသွယ်၊ အသက် (၆၀) အရွယ် ဒေါ်စန်းသီ၊ အသက် (၁၅) နှစ်အရွယ် မဖြူဇာအေးနှင့် အသက် (၁၈) နှစ်အရွယ် ကိုနေနိုင်သူ (၁) ဒီးတုတ်တို့ ထိခိုက်သေဆုံးရခဲ့သည်။

**“ဒေါ်စန်းသွယ်ကတော့ အဲနေရာမှာပဲ ပွဲချင်းပြီးသေသွားတယ်။ ဒေါ်စန်းသီနဲ့ မဖြူဇာအေးတို့က ဆေးရုံကိုပို့ရင်းနဲ့ ညောင်ပင်ကွင်းရွာအရောက်မှာ ဆုံးသွားတယ်”** ဟု ကျွဲထိန်းကုန်းဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

ကိုနေနိုင်သူသည် ပေါင်အောက်ပိုင်းတွင် လက်နက်ကြီးကျည်စ ထိမှန်ခဲ့ပြီး ခြေထောက်ရိုး ကျိုးသွားခဲ့သည်။ ၎င်းကို ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခုလတ်တွင်ပင် သေဆုံးသွားခဲ့သည်။

**“တိုက်ပွဲဖြစ်နေတော့ မြိတ်ဆေးရုံကို သွားဖို့ လမ်းအခက်အခဲဖြစ်နေတာ။ (၃) ယောက်စလုံးက အချိန်မီဆေးမကုနိုင်လို့ ဆုံးသွားတာ”** ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် စက်တင်ဘာလ (၄) ရက်နေ့ကတည်းက အင်အား (၂၀၀) ခန့်ရှိသည့် စစ်ကြောင်းက တနင်္သာရီမြို့နယ်တွင် စစ်ကြောင်းထိုးနေသည့်အပြင် လက်ရှိတွင် ကျွဲထိန်းကုန်းကျေးရွာသို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များလည်း ထပ်မံရောက်ရှိလာနေသဖြင့် စစ်ရေးတင်းမာလျက်ရှိသည်။ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်နေခြင်းကြောင့် ရွာလုံးကျွတ်ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

# ပေါင်တွင် လူငယ် (၄) ဦးကို စစ်ကောင်စီက ပစ်ခတ်ဖမ်းဆီး




**စက်တင်ဘာ ၄၊ ၂၀၂၄**

၂၀၂၄ စက်တင်ဘာလ (၂) ရက်နေ့တွင် မွန်ပြည်နယ် ပေါင်မြို့နယ် သပြုချောင်းကျေးရွာမှ ဒေသခံလူငယ် (၄) ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များဟုဆိုကာ စစ်ကောင်စီက ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

စစ်သားနှင့် ရဲတပ်ဖွဲ့ဝင် အင်အား (၂၀) ကျော်က ပေါင်မြို့နယ် သပြုချောင်းကျေးရွာ ဈေးတန်းတွင် အုပ်စုဖွဲ့အရက်သောက်နေသည့် လူငယ်များကို ည (၈) နာရီအချိန်ခန့်တွင် ဝင်ရောက်ပစ်ခတ် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

**"ဈေးတန်းမှာ အရက်ထိုင်သောက်နေတဲ့ကလေးတွေကို လာဝိုင်းဖမ်းတာ။ အဲဒါ ထွက်ပြေးလို့ဆိုပြီး သေနတ်နဲ့ ပစ်တာ။ ကလေး (၁) ယောက် ထိသွားတယ်။ (၄) ယောက် အဖမ်းခံရတယ်။ လွတ်တဲ့သူတွေလည်း ရှိတယ်"** ဟု သပြုချောင်းဒေသခံတစ်ဦးက ပြောသည်။

ပစ်ခတ်မှုကြောင့် အသက် (၂၀) အရွယ် မောင်စူပါထောသည် ညာဘက်ပေါင်တွင် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ပြီး ၎င်းနှင့် အခြားလူငယ် (၃) ဦးကို စစ်ကောင်စီက ဖမ်းဆီးသွားသည်။

**"ဒီကလေးတွေက သူတို့ပြောသလို PDF တွေလည်း မဟုတ်ပါဘူး။ ရွာခံတွေချည်းပါပဲ။ ဒါကို PDF ဆိုပြီး သပ်သပ်အမှုဆင်လိုက်တာ။ မိဘတွေကတော့ ရွာလူကြီးနဲ့ပြောပြီး ပြန်ထုတ်ဖို့ လုပ်နေတယ်။ အခုထိတော့ ညှိလို့ မရသေးဘူး"** ဟု သပြုချောင်းရွာသားတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသောလူငယ်များကို ပေါင်မြို့မရဲစခန်းတွင် ထိန်းသိမ်းထားပြီး ဒဏ်ရာရရှိထားသူ လူငယ်ကိုမူ ပေါင်မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ ထုတ်ပြန်ချက်အရ ၂၀၂၄ စက်တင်ဘာလ (၃) ရက်နေ့အထိ ဖမ်းဆီးခံထားရသူ (၂၇,၃၀၀) ကျော် ရှိပြီး ၎င်းတို့အနက် (၂၁,၀၀၀) နီးပါးသည် ဆက်လက်ထိန်းသိမ်းခံထားရကြောင်း သိရသည်။

# လုံခြုံရေးကို အကြောင်းပြပြီး ပြည်သူကိုငွေညှစ်နေသည့် စစ်ကောင်စီ



**စက်တင်ဘာ ၉၊ ၂၀၂၄**

၂၀၂၄ ဩဂုတ်လမှစ၍ မွန်ပြည်နယ်ရှိ မြို့နယ်တချို့တွင် စစ်ကောင်စီတပ်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်ခေါင်းဆောင်များက ၎င်းတို့စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းသွားလာသူများနှင့် ညပိုင်းအချိန်အပြင်ထွက်သူများကို စစ်ဆေးဖမ်းဆီးမှုများ ပြုလုပ်နေပြီး လုံခြုံရေး ဟူသောခေါင်းစဉ်အောက်တွင် အတင်းအဓမ္မငွေကြေးတောင်းခံနေကြောင်း သိရသည်။

ပြီးခဲ့သည့်လမှစ၍ ရေးမြို့နယ်ရှိ တံတားဖြူစစ်ဆေးရေးဂိတ်နှင့် ရေး-သံဖြူဇရပ်ကားလမ်းပေါ်ရှိ စစ်ဆေးရေးဂိတ်တွင် ဖြတ်သန်းသွားလာသည့်ကားနှင့် ဆိုင်ကယ်များကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက လုံခြုံရေးအရ အစစ်အဆေးခံရမည်ဟုဆိုကာ ငွေညှစ်တောင်းခံမှုများ ပြုလုပ်လာသည်။

**"ဩဂုတ် (၁၆) ရက်နေ့က တံတားကြီးစစ်ဆေးရေးဂိတ်ပေါ့။ ကျွန်တော်က ရွာဘက်ကို ဆိုင်ကယ်နဲ့ ဆီပုံး (၂) ပုံး သယ်လာတော့ စစ်သား တစ်ယောက်က ရစ်ပြီး ပိုက်ဆံ (၅၀,၀၀၀) တောင်းတယ်။ အဲလောက်မရှိဘူး ပြောလိုက်တာ ပိုက်ဆံသွားယူပြီး ပြန်လာပေးခိုင်းတယ်။ ဆိုင် ကယ်နဲ့ လူကိုလည်း ဓာတ်ပုံရိုက်ထားသေးတယ်"** ဟု ငွေညှစ်မှုကို ကိုယ်တိုင်ကြုံတွေ့ခဲ့သူတစ်ဦးက ပြောသည်။

ဩဂုတ်လ (၃၀) ရက်နေ့တွင်လည်း အောင်သာယာကျေးရွာအနီး ရေး-သံဖြူဇရပ်ကားလမ်းပေါ်ရှိ စစ်ကောင်စီစစ်ဆေးရေးဂိတ်တစ်ခုက ခရီးသည်တင်ကားပေါ်တွင် လိုက်ပါလာသည့် လမိုင်းမြို့ခံအမျိုးသမီးတစ်ဦးကို ငွေ (၃) သိန်းကျပ် အတင်းအဓမ္မတောင်းခံခဲ့သည်။

**"ကား၊ ဆိုင်ကယ် အကုန်လုံးတောင်းနေတာ။ ဆိုင်ကယ်ဆိုရင် (၅,၀၀၀)။ ကားပေါ်ပါလာတဲ့ခရီးသည်တွေကိုလည်း တစ်ခုမဟုတ်တစ်ခု စစ်ဆေးပြီး ငွေညှစ်နေတာ"** ဟု လမိုင်းမြို့နယ်ခွဲမှ ဒေသခံတစ်ဦးက ပြောသည်။

ရေးမြို့နယ်အတွင်းရှိ ပြည်သူ့စစ်ခေါင်းဆောင်များကို စစ်ကောင်စီက ၂၀၂၄ ဇူလိုင်လတွင် လက်နက်တပ်ဆင်ပေးခဲ့သည်။ လက်နက်များရရှိပြီးနောက် ပြည်သူ့စစ်ခေါင်းဆောင်များက စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ပြီး လက်နက်အားကိုးဖြင့် ပြည်သူများကို ငွေကြေးအဓမ္မတောင်းခံလာသည်။

**“စစ်ဆေးရေးဂိတ်နားကရွာခံတွေကိုတော့ ပိုက်ဆံမတောင်းဘူး။ လူအခြေအနေကြည့်ပြီးတော့ တောင်းတယ်။ ဟိုတစ်ခါတုန်းက (ရေဖြူမြို့နယ်) ပေါက်ပင်ကွင်းဘက်မှာ ကားတစ်စီးကို (၁၀,၀၀၀) ကောက်တာမျိုး ရှိတယ်”** ဟု ကလော့ကျေးရွာဒေသခံတစ်ဦးက ပြောသည်။

ကျေးရွာများတွင်သာမက မြို့ပေါ်များအထိပါ ငွေကြေးအဓမ္မတောင်းခံမှုများ ဖြစ်ပွားနေပြီး မော်လမြိုင်မြို့ပေါ်တွင်လည်း စစ်ကောင်စီတပ်ဖွဲ့ဝင်များက ကားနှင့် ဆိုင်ကယ်များကို စစ်ဆေးသည့်အပြင် လမ်းသွားလမ်းလာများကို ရပ်တန့်တားဆီးပြီး လက်ကိုင်ဖုန်းများကို စစ်ဆေးနေသည်။

လက်ကိုင်ဖုန်းအတွင်း VPN ထည့်သွင်းအသုံးပြုပါက ငွေကြေးအဆမတန်တောင်းခံနေပြီး မြို့ဝင်မြို့ထွက်စစ်ဆေးရေးဂိတ်များရှိ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကလည်း ခရီးသည်များကို အကြောင်းအမျိုးမျိုးပြပြီး ငွေညှစ်နေသည်။

၂၀၂၄ ဩဂုတ်လ (၁၉) ရက်နေ့မှစ၍ မော်လမြိုင်တွင် အမျိုးသား (၂) ဦး ဆိုင်ကယ်အတူစီးနင်းမှုများကို တားမြစ်လာသည့်အပြင် ည (၈) နာရီကျော်ပါက လူစည်ကားရာ နေရာများနှင့် လမ်းဆုံလမ်းခွများတွင် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်လာသည်။

**“ဩဂုတ် (၁၉) ကစပြီးတော့ အမျိုးသား (၂) ယောက် ဆိုင်ကယ်အတူစီးရင် (ရပ်ခိုင်းပြီး) စစ်ဆေးတယ်။ မြို့ပေါ်မှာလည်း ညဘက်ကင်းလှည့်ပြီး တင်းကြပ်လာတယ်။ VPN ကတော့ စစ်ဆေးနေတာပဲ။ တွေ့ရင် အနည်းနဲ့အများ ငွေညှစ်နေတုန်းပဲ”** ဟု မော်လမြိုင်မြို့ခံတစ်ဦးက ပြောသည်။

လက်ကိုင်ဖုန်းတွင် VPN ထည့်သွင်းအသုံးပြုထားသည်ကို စစ်ဆေးတွေ့ရှိပါက ငွေညှစ်တောင်းခံသည့်အပြင် ဖုန်းအမျိုးအစား ကောင်းမွန်ပါက လက်ကိုင်ဖုန်းကိုပါ သိမ်းယူသွားသည်။

၎င်းပြင် မြို့ပေါ်တွင် အိမ်ငှားနေသူများကို ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက နေ့စဉ်နီးပါး “ဧည့်စာရင်း” ဝင်ရောက်စစ်ဆေးနေပြီး အကြောင်းအမျိုးမျိုးဖြင့် ငွေတောင်းနေသည်။ ငွေကြေးမပေးနိုင်သူများကို အော်ဟစ်ခြိမ်းခြောက်နေသည်။

**“တစ်ခါမှ ကောင်းကောင်းမွန်မွန် မစစ်ဘူး။ အော်ပြီး အမိန့်နဲ့ စစ်တယ်။ ဘာမှမရရင်(ပြစ်ချက်ရှာမတွေ့ရင်)လည်း ပိုက်ဆံတောင်းတာပဲ”** ဟု မော်လမြိုင်မြို့ခံတစ်ဦးက ပြောသည်။

ပေါင်မြို့နယ် ဇင်းကျိုက်နှင့် ဆင်ရွာရေတံခွန်များမှ ပြန်လာသူများကို စစ်ကောင်စီတပ်သားများနှင့် ရဲတပ်ဖွဲ့ဝင်များက ဇင်းကျိုက်ရဲစခန်းရှေ့၊ ပေါင်မြို့မရဲစခန်းရှေ့နှင့် မုတ္တမတံတားထိပ်တို့တွင် စစ်ဆေးဖမ်းဆီးပြီး ငွေညှစ်နေသည်။

**“ကျွန်တော့်တုန်းကဆို (၂) သိန်း တောင်းတာ။ မပေးနိုင်လို့ (၁) သိန်း လျှော့ပေးပါဆိုတာတောင် မရဘူး။ မုတ္တမတံတားထိပ်ကရဲတွေ တော်တော်ဆိုးတယ်”** ဟု အမျိုးသား (၂) ဦး ဆိုင်ကယ်အတူစီးနင်းမှုဖြင့် ငွေညှစ်ခံရသူ အလုပ်သမားတစ်ဦးက ပြောသည်။

၂၀၂၄ ဩဂုတ်လမှစ၍ လုံခြုံရေးတင်းကြပ်ထားရန် အရှေ့တောင်တိုင်းစစ်ဌာနချုပ်က ညွှန်ကြားချက် ထုတ်ပြန်ပြီးနောက်ပိုင်း လုံခြုံရေးအကြောင်းပြီး ဖမ်းဆီးငွေညှစ်မှုများ အများအပြား ဖြစ်ပွားလာသည်။

**“ပိုက်ဆံပေးတာတောင် မနည်းတောင်းပန်ပြီး ပေးရတယ်”** ဟု ငွေညှစ်ခံရသူတစ်ဦးက ပြောသည်။

# တောင်အောက်တွင် စစ်ရှောင်နေရသည့် အနန်းကွင်းဒေသခံများ အကူအညီလိုအပ်နေ



**စက်တင်ဘာ ၁၂၊ ၂၀၂၄**

၂၀၂၄ ဩဂုတ်လ ဒုတိယအပတ်တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး တိုက်ပွဲကြောင့် အနီးအနားကျေးရွာ (၁၀) ရွာမှ ဒေသခံပြည်သူ (၄,၀၀၀) ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

၎င်းတို့အနက် အနန်းကွင်းဒေသခံပြည်သူ (၅၀၀) ခန့်သည် အနီးအနားရှိတောင်ခြေတွင် စစ်ဘေးရှောင်နေရပြီး အကူအညီများ လိုအပ်လျက်ရှိကြောင်း စစ်ဘေးရှောင်တစ်ဦးက ပြောသည်။

**"မိုးတွင်းကာလဖြစ်တော့ လေဒဏ်မိုးဒဏ် ခံရတယ်။ သွားရေးလာရေးအခက်အခဲ ဖြစ်တယ်။ စားစရာသွားဝယ်ဖို့ကလည်း စစ်ကောင်စီရဲ့လေယာဉ်တက်ချိန်နဲ့ ထိမှာ စိုးရိမ်နေတယ်"** ဟု စစ်ရှောင်အမျိုးသမီးတစ်ဦးက ပြောသည်။

တောင်အောက်တွင် စစ်ရှောင်နေသည့် ဒေသခံပြည်သူများမှာ ရေကြီးရေမြုပ်ခြင်းနှင့် ဆေးဝါးမလုံလောက်ခြင်းများကို ကြုံတွေ့နေရသည့်အပြင် ၎င်းတို့ကို ကူညီထောက်ပံ့မည့် လူပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းများလည်း မရှိကြောင်း ၎င်းက ဆက်ပြောသည်။


**"အကူအညီပေးမယ်ဆိုရင် ကျွန်မတို့နေတဲ့ တောင်အောက်ကို ရောက်ဖို့ လမ်းလျှောက်လာရမယ်။ ဘယ်သူမှ မလာရဲကြဘူး။ နေမကောင်းဖြစ်လို့ ဆရာဝန်ခေါ်မယ်ဆိုရင် (၃) မိုင်လောက် လမ်းလျှောက်ရတယ်"** ဟု နောက်ထပ်စစ်ရှောင်အမျိုးသမီးတစ်ဦးက ပြောသည်။

တိုက်ပွဲဖြစ်ပြီးနောက်ပိုင်း အနန်းကွင်းအပါအဝင် အနီးအနားကျေးရွာများဖြစ်သည့် တညင်၊ ဖာယာ၊ ပန်းအောင်၊ ပုတော၊ ရက်ဖော၊ ကတစ်၊ ခွန်နဝါစသည့် ကျေးရွာ (၁၀) ရွာတွင် ဖုန်းနှင့် အင်တာနက်လိုင်းများ ပြတ်တောက်နေကြောင်း သိရသည်။

**"တချို့စစ်ဘေးရှောင်တွေက ကိုယ့်မိသားစုဝင်တွေနဲ့ အဆက်အသွယ်မရကြဘူး"** ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

တိုက်ပွဲအတွင်း စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် အနန်းကွင်းကျေးရွာမှ နေအိမ်အလုံး (၅၀၀) မီးလောင်ပျက်စီးခဲ့ရသည်။


# ၂၀၂၄ စက်တင်ဘာလအတွင်း မွန်, ကရင်, တနင်္သာရီတိုင်းအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်




Killing& Disappearance (9) cases, Arrest Torture –(26) Cases, Injured –(17)Cases, Forced Relocation- (7) Cases, Property Destruction- (9) Cases, Extortion – (8) Cases , Landmine – (5) Cases, Livelihood – (4) Cases, Women and Child- (25) Cases, Sexual Assualth - (1) ,Health and Education- (4), Rule of Law- (3) Cases, Drug and Youth - (8)

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု၊ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်


ဇန်နဝါရီလ မှ စက်တင်ဘာလအထိ ၂၀၂၄





မွန်ပြည်နယ် - ၉ ကြိမ်

ကရင်ပြည်နယ် - ၁ ကြိမ်

တနင်္သာရီတိုင်းဒေသ -၄ ကြိမ်




အမျိုးသား - ၉ ဦး(၈ဦးဒဏ်ရာရ/ ၁ ဦးသေဆုံး) ၊ အမျိုးသမီး - ၉ ဦး( ၇ ဦးဒဏ်ရာ/ ၂ ဦး သေဆုံး)၊ ကလေးသူငယ် - ၁ ဦးဒဏ်ရာရ

# နိုင်ငံရေးအကျဉ်းသားများ ဆေးကုသနိုင်ရန် ကူညီသူများကို စစ်ကောင်စီက ခြိမ်းခြောက်




**စက်တင်ဘာ ၆၊ ၂၀၂၄**

စစ်ကောင်စီက နိုင်ငံရေးအကျဉ်းသားများကို အကျဉ်းထောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာမပေးသည့်အပြင် ထောင်ပြင်ပတွင် ဆေးကုသနိုင်ရန် ကူညီပေးသူများကိုလည်း စစ်ကောင်စီက စောင့်ကြည့်ခြိမ်းခြောက်လာကြောင်း သိရသည်။

**"နိုင်ငံရေးအကျဉ်းသားတွေက ငွေကြေးမတတ်နိုင်တော့ ကုသမှုအပိုင်းမှာ ကြန့်ကြာနေတာပေါ့။ တချို့ဆို ရောဂါက စိုးရိမ်စရာဖြစ်နေတော့ နီးစပ်ရာမိတ်ဆွေတွေမှာ ငွေကြေးအကူအညီတောင်းရတယ်"** ဟု နိုင်ငံရေးအကျဉ်းသားများကို ကူညီပေးနေသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ဩဂုတ်လက တနင်္သာရီတိုင်း ထားဝယ်အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား (၂) ဦး ထောင်ပြင်ပတွင် ဆေးကုသနိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ တစ်ခုက သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းမှုပြီးနောက် ၎င်းတို့အဖွဲ့ကို စစ်ကောင်စီက အချိန်ပြည့်စောင့်ကြည့်လာကြောင်း အဖွဲ့ဝင်တစ်ဦးက ပြောသည်။

**"လှူဒါန်းသူအတော်များများကို စစ်တပ်ဘက်က လိုက်လံစုံစမ်းနေတယ်။ အဲလိုလုပ်တော့ လှူမဲ့သူတွေကလည်း စိုးရိမ်ပြီး မလှူရဲတော့ဘူး"** ဟု ထားဝယ်နိုင်ငံရေးအကျဉ်းသားများကို ကူညီပေးနေသူတစ်ဦးက ပြောသည်။

၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ နိုင်ငံတဝန်းလုံးရှိ အကျဉ်းထောင်များတွင် ဆေးကုသမှုလုံလောက်စွာ မရရှိသဖြင့် နိုင်ငံရေးအကျဉ်းသား အကျဉ်းသူ စုစုပေါင်း (၁၀၀) ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

**"နိုင်ငံတဝန်းမှာရှိတဲ့ အကျဉ်းထောင်တွေမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆိုးဆိုးရွားရွားဖြစ်နေတယ်။ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးကုသခွင့်ဆိုတာ အကျဉ်းထောင်အားလုံးမှာ မရှိသလောက်ပဲ"** ဟု နိုင်ငံရေးအကျဉ်းသားများကို ကူညီပေးနေသူတစ်ဦးက ပြောသည်။

# ချောင်းတောင်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံရသည့် အမျိုးသမီးတစ်ဦး သတင်းအစအနပျောက်နေ

**စက်တင်ဘာ ၉၊ ၂၀၂၄**

၂၀၂၄ ဩဂုတ်လ (၁၀) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စု ရာဖူးရွာသစ်ကျေးရွာမှ အသက် (၂၃) နှစ်အရွယ် မကရင်မသည် မွန်ပြည်နယ် ရေးမြို့ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် အစ်မဖြစ်သူကို သွားရောက်ကြည့်ရှုပြီး ပြန်လာစဉ် ချောင်းတောင်စစ်ဆေးရေးဂိတ်တွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သားများက ၎င်းကို ဖမ်းဆီးခဲ့သည်။




**"အဲနေ့(ဩဂုတ်လ (၁၀) ရက်နေ့)က ညနေ (၆) နာရီအထိ အိမ်ပြန်မရောက်တော့ စိတ်ပူလို့ ဖုန်းဆက်တာ။ သူတို့(စစ်သားတွေ)က ဖုန်းကိုင်ပြီး "လူကို ဖမ်းထားတယ်၊ စစ်ဆေးပြီးရင် ပြန်လွှတ်မယ်" ပြောတယ်"** ဟု ၎င်း၏အမျိုးသားဖြစ်သူက ပြောသည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ပက်သက်ဆက်နွယ်နေသည် ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ပြီး ဖမ်းဆီးခံရပြီးနောက်ပိုင်း သတင်းအစအနပျောက်ဆုံးနေကြောင်း ၎င်း၏အမျိုးသားဖြစ်သူက ဆက်ပြောသည်။

**"ကျွန်တော့်အမျိုးသမီးမှာ PDF က သူငယ်ချင်း (၁) ယောက် ရှိတယ်။ အချိတ်အဆက်တော့ မလုပ်ပါဘူး"** ဟု ၎င်းက ပြောသည်။

ဖမ်းဆီးခံရသူက မကရင်မသည် စက်တင်ဘာလ (၁၀) ရက်နေ့အထိ ပြန်လည်လွှတ်မြောက်ခြင်းမရှိသကဲ့သို့ မိသားစုဝင်များနှင့်လည်း အဆက်အသွယ်မရဘဲ ပျောက်ဆုံးနေကြောင်း ယောက္ခမဖြစ်သူက ဆက်ပြောသည်။

**"ဖုန်းဆက်တဲ့နေ့က ထပ်မဆက်နဲ့။ ထပ်ဆက်နေရင် ခင်ဗျားတို့ကိုပါ ဖမ်းမယ်လို့ (စစ်သားတွေက) ခြိမ်းခြောက်တယ်။ ဒီလ (၁၀) ရက်နေ့ဆို (၁) လ ပြည့်ပြီ။ အခုချိန်ထိ ဘယ်နေရာမှာဖမ်းထားလဲ မသိသေးဘူး"** ဟု ယောက္ခမဖြစ်သူက ပြောသည်။


ရေးမြို့နယ်ရှိ ချောင်းတောင်နှင့် တံတားဖြူ စစ်ဆေးရေးဂိတ်များတွင် စစ်ကောင်စီတပ်သားများက ခရီးသွားပြည်သူများကို မကြာခဏ ရပ်တန့်စစ်ဆေးလေ့ရှိပြီး ငွေကြေးအတင်းအဓမ္မတောင်းခံမှုများကိုလည်း ကျူးလွန်နေကြောင်း သိရသည်။

စစ်မှုထမ်းဥပဒေနှင့် ပြည်သူ့လုံခြုံရေးဥပဒေများ ပြဋ္ဌာန်းပြီးနောက် စစ်ကောင်စီက လူငယ်များကို "ပေါ်တာဆွဲ"ဖမ်းဆီးမှုများ လုပ်ဆောင်နေသည်ဟု ဒေသခံများက ပြောဆိုနေကြသော်လည်း မွန်လူထုအသံက သီးခြားအတည်မပြုနိုင်ခြင်း မရှိသေးချေ။


"

**ဖုန်းဆက်တဲ့နေ့က ထပ်မဆက်နဲ့။ ထပ်ဆက်နေရင် ခင်ဗျားတို့ကိုပါ ဖမ်းမယ်လို့ (စစ်သားတွေက) ခြိမ်းခြောက်တယ်။ ဒီလ (၁၀) ရက်နေ့ဆို (၁) လ ပြည့်ပြီ။ အခုချိန်ထိ ဘယ်နေရာမှာဖမ်းထားလဲ မသိသေးဘူး**


# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၉) လအတွင်း ဖမ်းဆီးမှု၊ ချုပ်နှောင်မှု ၊ ဒဏ်ရာအနာတရ ရရှိမှု နှင့် သတ်ဖြတ်မှု အရေအတွက်





| | Arrested - | Deatined | Injured | Killed | Total |
|---|---|---|---|---|---|
| Series2 | 661 | 457 | 694 | 281 | 2093 |




# ၂၀၂၄ ဇန်နဝါရီလ မှ စက်တင်ဘာလအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း




ဒဏ်ရအနာတရ ရရှိသူ စုစုပေါင်း (၁၀၆) ဦး၊ အမျိုးသမီး(၄၁)ဦး၊အမျိုးသား(၄၁)ဦး၊ ကလေးသူငယ်(၂၄)ဦး




သေဆုံးသူ စုစုပေါင်း (၄၂) ဦး၊ အမျိုးသမီး(၁၇)ဦး၊အမျိုးသား(၂၁)ဦး၊ ကလေးသူငယ်(၄)ဦး



# ရေးမြို့တွင် စစ်ကောင်စီက ဒေသခံ (၆) ဦးကို ဖမ်းဆီး

**စက်တင်ဘာ ၁၈၊ ၂၀၂၄**

၂၀၂၄ စက်တင်ဘာလ (၁၀) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက်မှ အသက် (၄၅) နှစ်အရွယ်ဦးအောင်မောင်း၊ အသက် (၁၉) နှစ်အရွယ် ကိုဘိုဘိုနှင့် အသက် (၂၀) အရွယ် ကို အေးမင်းလတ်တို့ကို စစ်ကောင်စီက နေအိမ်တွင် လာရောက်ဖမ်းဆီးခဲ့သည်။




စက်တင်ဘာလ (၁၁) ရက်နေ့တွင်လည်း ရန်မျိုးအောင်ရပ်ကွက်တွင် မုန့်ဆိုင်ဖွင့်လှစ်ထားသည့် ချောင်းတောင်ကျေးရွာနေ အသက် (၂၃) နှစ်အရွယ် မခိုင်သဇင်ဦး၊ အသက် (၂၁) နှစ်အရွယ် မမီမီ၊ မစိုးစိုးနှင့် အမည်မသိအမျိုးသမီး (၂) ဦး စုစုပေါင်း အမျိုးသမီး (၅) ဦးကို ဝင်ရောက်ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးခံရသူများသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ငွေကြေးထောက်ပံ့ခြင်းနှင့် စစ်ကောင်စီတပ်၏ စစ်ရေးလှုပ်ရှားမှုများကို သတင်းပေးခြင်းတို့ လုပ်ဆောင်ခဲ့သည်ဟု စစ်ကောင်စီက စွပ်စွဲထားသည်။

**“ဦးအောင်မောင်းက ရေးပြောက်ကျားတပ်ဖွဲ့ (YGF) တပ်သားတစ်ဦးရဲ့ အဖေ ဖြစ်တယ်။ ပထမဦးဆုံး အဖမ်းခံရတဲ့ အမျိုးသား (၂) ယောက်ရဲ့ ဖုန်းကို စစ်ဆေးပြီး ထောက်ပို့လုပ်နေတယ်လို့ ပြောတယ်။ နောက်တစ်ရက်မှာ အမျိုးသမီး (၅) ယောက်ကို ထပ်ဖမ်းသွားတယ်။ နာမည်မသိရတဲ့ အမျိုးသမီး (၂) ယောက်က ရဲတပ်ဖွဲ့ဝင်တွေရဲ့ သမီးတွေ။ ပြန်လွတ်လာပြီလို့ ကြားနေရတယ်”** ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

ချောင်းတောင်ကျေးရွာနေ မခိုင်သဇင်ဦးကို စစ်ကောင်စီက ရိုက်နှက်နှိပ်စက်ထားသဖြင့် လမ်းပင်မလျှောက်နိုင်ကြောင်း မွန်လူထုအသံက စုံစမ်းသိရှိထားသည်။

**“ရိုက်နှက်ထားတာ တချို့ဆို သွားတွေပါ ကျွတ်ထွက်ကုန်တယ်။ ဖမ်းပြီး (၅) ရက်လောက် ရေးမြို့မရဲစခန်းမှာ ထားထားတယ်။ နောက်တော့ ဘယ်နေရာကို ရွှေ့သွားလဲ မသိသေးဘူး။ မိသားစုဝင်တွေနဲ့လည်း ပေးမတွေ့ဘူး”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ချောင်းတောင်ကျေးရွာတွင်လည်း စစ်ကောင်စီတပ်က စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်နေပြီး ဖမ်းဆီးခံရသူ၏ မိသားစုဝင်များကိုလည်း စောင့်ကြည့်နေကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**“ဖမ်းသွားပြီးကတည်းက ခုချိန်အထိ ဘယ်လိုဆက်သွယ်ရမလဲ၊ ဘယ်လိုလိုက်ရမလဲ မသိသေးဘူး”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင်လည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ထောက်ပို့ပြုလုပ်သည်ဟုဆိုကာ စားသောက်ဆိုင်ပိုင်ရှင်အပါအဝင် ဒေသခံပြည်သူ (၁၀) ဦးထက်မနည်းကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။

**ရိုက်နှက်ထားတာ တချို့ဆို သွားတွေပါ ကျွတ်ထွက်ကုန်တယ်။ ဖမ်းပြီး (၅) ရက်လောက် ရေးမြို့မရဲစခန်းမှာ ထားထားတယ်။ နောက်တော့ ဘယ်နေရာကို ရွှေ့သွားလဲ မသိသေးဘူး။ မိသားစုဝင်တွေနဲ့လည်း ပေးမတွေ့ဘူး**

# မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် စက်တင်ဘာလ ၂၀၂၄

## Kyike Hto Township

1. Artillery Attack
2. Artillery attack and injured

## Mawlamyine Township


- Arrested

## Chaung Zone Township

1. Arrested
2. Raped and killed

## Thanbyuzayat Township

1. Landmine and injured (2) times
2. Artillery explosion and injured
3. Arrested
4. Labor shortage
5. Arrested social worker




## Bilin Township

1. shot and injured
2. Artillery Attack and injured (2) times

## Paung Township

1. Arrested and shoot

## Thaton Township

1. landmine injured

## Ye Township(7) cases

1. landmine injured
2. Extorts money
3. Artillery attack and injured
4. Arrested
5. Beaten
6. Threaten lives of farmers
7. Train Public Security

**Total Cases in Mon State - 24 Cases**

# ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် စက်တင်ဘာလ ၂၀၂၄




## Kyarinnseikyi Township

1. Air and artillery assaults
2. Ari assault injures
3. Fled home and IDP

# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

## စက်တင်ဘာလ ၂၀၂၄

### Dawei Township


1. Threatens donors
2. Cuf-off Telecomuni-cation
3. Burns Down house

### Long Lone Township

1. Arrested
2. Bans transportation
3. Fled home and IDP
4. Arrested and killed
5. Disappearance
6. Artillery attack and injured
7. Burn Down house

### Kaw Thong Town

1. Arrested
2. Arrested and Burn Down House
3. Arrested and extort money




### Yebyu Township (5) Cases

1. Arrested and extort
2. Artillery Attack
3. Disappeared
4. Extort money
5. Artillery attack and injured

### Tha Yet Chaung Township

1. Arrested and Beaten
2. Extort money

### Tenasserim Township

1. Drone attack and injured
2. Artillery attack and in-jured

### Pu law Township


1. not yet released (2) times
2. Used as human shields
3. Burn and killed


**Total Cases in Tanintharyi Divisons - 27**

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

## စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်


## ၂၀၂၄ စက်တင်ဘာလ





**စစ်ဘေးဒုက္ခသည်= (၁၂၄၀၀) ဦး**


**ဒဏ်ရာအနာတရ = (၂၀) ဦး ၊ သတ်ဖြတ်မှု = (၁၀) ဦး**





**စစ်ဘေးဒုက္ခသည်= (၁၇၉၈၀) ဦး**

**ဒဏ်ရာအနာတရ = (၃၀) ဦး ၊ သတ်ဖြတ်မှု = (၉) ဦး**




**စစ်ဘေးဒုက္ခသည်= (၂၂၀၀၀) ဦး**

**ဒဏ်ရာအနာတရ = (၅၀) ဦး ၊ သတ်ဖြတ်မှု = (၁၄) ဦး**

# စစ်ကောင်စီတပ်သားက ချစ်သူမူလတန်းကျောင်းဆရာမကို မုဒိမ်းကျင့်သတ်ဖြတ်



စက်တင်ဘာ ၁၀၊ ၂၀၂၄

၂၀၂၄ စက်တင်ဘာလ (၈) ရက်နေ့တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုကွဲကျေးရွာမှ မူလတန်းဆရာမဖြစ်သူ ဒေါ်ချစ်ချစ်ထူး ခေါ် ထူးထူးကို ၎င်း၏ချစ်သူဖြစ်သူ စစ်ကောင်စီတပ်သား အောင်သူဟိန်းက မုဒိမ်းကျင့်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

အသက် (၂၆) နှစ်အရွယ် ကျောင်းဆရာမသည် စက်တင်ဘာလ (၁) ရက်နေ့တွင် ချစ်သူဖြစ်သူက အငှားယာဉ်တစ်စီးကို စေလွှတ်၍ ခေါ်ဆောင်သဖြင့် လိုက်ပါသွားပြီးနောက် ပျောက်ဆုံးသွားကြောင်း မိသားစုဝင်များက ပြောသည်။

၎င်းကို စက်တင်ဘာလ (၈) ရက်နေ့တွင် မုကွဲကျေးရွာ ဓာတ်ပေါင်းစုမဟာစေတီနှင့် ပေ (၅၀) ခန့်အကွာ ထင်းတောထဲတွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။

"ဆီးခုံမှာ ထိုးသွင်းဒဏ်ရာ (၂) ချက်၊ လက်မောင်းနဲ့ ပေါင်တို့မှာလည်း အညိုမည်းစွဲဒဏ်ရာတွေ တွေ့ရတယ်။ လည်ပင်းကိုလည်း အနက်ရောင်အိတ်ဘေးလွယ်အိတ်နဲ့ ချည်ထားတယ်။ အဓမ္မပြုကျင့်ခံထားရပုံပဲ" ဟု မုကွဲကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

အလောင်းဘေးတွင် စစ်တပ်သုံး (G3) ဘက်နက် (၁) ချောင်း တွေ့ရှိထားပြီး အလောင်းကိုမူ ဒေသခံလူမှုကယ်ဆယ်ရေးအဖွဲ့က ချောင်းဆုံမြို့နယ်ဆေးရုံကို မနေ့က ပို့ဆောင်ထားကြောင်း သိရသည်။

"ဆရာမဆွဲထားတဲ့ ဆွဲကြိုး၊ လက်စွပ်၊ နားကပ် အကုန်လုံး ပျောက်နေတယ်" ဟု မိသားစုဝင်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။

မူလတန်းဆရာမကို လာရောက်ခေါ်ဆောင်သည့် အငှားယာဉ်မောင်းကို ချောင်းဆုံမြို့နယ် ရဲစခန်းက စစ်ဆေးမေးမြန်းနေပြီး ပြစ်မှုကျူးလွန်သည့်စစ်သားမှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်သည်။

မအောင်မြင်သည့်အာဏာသိမ်းမှုနောက်ပိုင်း စစ်ကောင်စီက အပြည့်အဝထိန်းချုပ်ထားသည့် ချောင်းဆုံမြို့နယ်တွင် သက်ငယ်မုဒိမ်းမှု (၂) ကြိမ် ဖြစ်ပွားခဲ့ကြောင်း မွန်လူထုအသံကရရှိထားသည့် အချက်အလက်များအရ သိရှိရသည်။

> "ဆီးခုံမှာ ထိုးသွင်းဒဏ်ရာ ၂ ချက်၊ လက်မောင်းနဲ့ ပေါင်တို့မှာလည်း အညိုမည်းစွဲဒဏ်ရာတွေ တွေ့ရတယ်။ လည်ပင်းကိုလည်း အနက်ရောင်အိတ်ဘေးလွယ်အိတ်နဲ့ ချည်ထားတယ်။ အဓမ္မပြုကျင့်ခံထားရပုံပဲ

# ပုလောတွင် အရပ်သား (၃) ဦးကို စစ်ကောင်စီတပ်က မီးရှို့သတ်ဖြတ်

**စက်တင်ဘာ ၂၀၊ ၂၀၂၄**



၂၀၂၄ စက်တင်ဘာလ (၁၈) နှင့် (၁၉) ရက်နေ့များတွင် အင်အား (၂၀၀) ခန့်ရှိသည့် စစ်ကောင်စီစစ်ကြောင်းသည် တနင်္သာရီတိုင်း ပုလောမြို့နယ် ရုပ်ပုံကျေးရွာကို စစ်ကြောင်းထိုးဝင်ရောက်လာပြီး စံပြရပ်ကွက်မှ နေအိမ် (၃) လုံးနှင့် မီးလောင်အော်ရပ်ကွက်မှ နေအိမ် (၃၁) လုံးတို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။

စစ်ကောင်စီတပ်က နေအိမ်များကို မီးရှို့နေစဉ် ကျေးရွာအတွင်း ပိတ်မိနေသည့် မီးလောင်အော်ရပ်ကွက်မှ အဖွားအိုဒေါ်ပု၊ စံပြရပ်ကွက်မှ အသက် (၂၀) အရွယ် စိတ်ကျန်းမာရေးချို့တဲ့သူ မောင်သူရနှင့် အမည်မသိ ဒေသခံ (၁) ဦးတို့ကို အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့ကြောင်း ရုပ်ပုံရွာသားများက ပြောသည်။

**“မီးရှို့အသတ်ခံရတာ (၃) ယောက်ပေါ့။ မီးလောင်အော်က အဖွားပု၊ စံပြက မောင်သူရနဲ့ နောက်တစ်ယောက်က မီးလောင်ထားတော့ ရုပ်မဖမ်းမိသေးဘူး။ ဘယ်သူဘယ်ဝါဆိုတာ မသိသေးဘူး”** ဟု ရုပ်ပုံကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။

အဆိုပါစစ်ကြောင်းသည် ထမင်းစွယ်ကျော့ဘုန်းတော်ကြီးကျောင်းတွင် စစ်ဘေးရှောင်နေသည့် ဒေသခံပြည်သူ အယောက် (၅၀) ကျော်ကိုလည်း ဖမ်းဆီးသွားကြောင်း ၎င်းက ဆက်ပြောသည်။

**“ဖမ်းထားတဲ့လူတွေထဲက အမျိုးသမီးတွေကို အဲနေ့ပဲ ပြန်လွှတ်ပေးလိုက်တယ်။ အမျိုးသား (၃၀) ကျော်ကိုတော့ ပုလောက ခလရ (၃၈၅) မှာ ဖမ်းထားတယ်။ အမျိုးသားတစ်ယောက်ကတော့ သိန်း (၃၀) နဲ့ ရွေးလိုက်လို့ (ပြန်လွှတ်လာတယ်)”** ဟု ဒေသခံသတင်းရင်းမြစ်တစ်ခုက ပြောသည်။

ရုပ်ပုံကျေးရွာတွင် အိမ်ခြေ (၂,၅၀၀) ကျော် ရှိပြီး နေအိမ်မီးရှို့ဖျက်ဆီးမှုနှင့် ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် ဒေသခံထောင်ချီ ထွက်ပြေးတိမ်းရှောင်နေရသည်။

၂၀၂၄ သြဂုတ်လဆန်းမှစ၍ စစ်ကောင်စီတပ်က ပုလောမြို့နယ်ကို စစ်ကြောင်းထိုးဝင်ရောက်နေပြီး တော်လှန်ရေးတပ်ဖွဲ့များနှင့် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားနေသည်။

ပုလောမြို့နယ်တွင် နေအိမ်မီးရှို့မှုနှင့် ဖမ်းဆီးသတ်ဖြတ်မှုများကို စစ်ကောင်စီစစ်ကြောင်းများက ကျူးလွန်နေပြီး စက်တင်ဘာလ (၁၄) ရက်နေ့တွင် ငါးမိုင်ကျေးရွာမှ နေအိမ် (၉) လုံးကို မီးရှို့ဖျက်ဆီးပြီး ဒေသခံအမျိုးသား (၁၀) ဦးကျော်ကို ဖမ်းဆီးခဲ့သည်။

၎င်းပြင် လက်ဖယ်နှင့် ကျောက်သဘော်ဆိပ်ကျေးရွာများမှ ဒေသခံပြည်သူ (၄၅) ဦးကို ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ် ခိုင်းစေခဲ့သည်။ လက်ဖယ်ရွာသား (၅) ဦးသည် ယနေ့အချိန်အထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိချေ။

၂၀၂၂ ဧပြီလမှ ၂၀၂၄ သြဂုတ်လအထိ စစ်ကောင်စီတပ်နှင့် တော်လှန်ရေးတပ်ဖွဲ့များ၏ မီးရှို့ဖျက်ဆီးမှုကြောင့် တနင်္သာရီတိုင်း ပုလောမြို့နယ်တွင် နေအိမ် (၄၁၇) လုံး၊ လောင်းလုံးမြို့နယ်တွင် နေအိမ် (၃၄၅) လုံး၊ သရက်ချောင်းမြို့နယ်တွင် နေအိမ် (၁၁၃) လုံး၊ ရေဖြူမြို့နယ်တွင် နေအိမ် (၁၂၈) လုံး၊ ထားဝယ်မြို့နယ်တွင် နေအိမ် (၈၉) လုံး၊ တနင်္သာရီမြို့နယ်တွင် နေအိမ် (၃၈) လုံး၊ ကော့သောင်းမြို့နယ်တွင် နေအိမ် (၃၂) လုံး၊ ကျွန်းစုမြို့နယ်တွင် နေအိမ် (၄) လုံးနှင့် ဘုတ်ပြင်းမြို့နယ်တွင် နေအိမ် (၄) လုံး မီးလောင်ပျက်စီးခဲ့သည်။

# ကျိုက်ထိုတွင် စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ဒေသခံ (၂) ဦး ဒဏ်ရာရ

**စက်တင်ဘာ ၁၆၊ ၂၀၂၄**

၂၀၂၄ စက်တင်ဘာလ (၁၃) ရက်နေ့တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီး (၈) လုံးထက်မနည်း ရမ်းသမ်းပစ်ခတ်ခဲ့သည်။



လက်နက်ကြီးကျည်တစ်လုံးသည် ခရွဲကျေးရွာ ဘုရားကုန်းဘုန်းတော်ကြီးကျောင်းနှင့် မြောက်ကျောင်းဘုန်းတော်ကြီးကျောင်းအကြား ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် (၆၆) နှစ်ရွယ် ဒေါ်ဝင်းအေးနှင့် အသက် (၁၈) နှစ်အရွယ် မောင်ဟိန်းထက်အောင်တို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**“အမျိုးသမီးက ညာခြေသလုံး ဖောက်ဝင်ဒဏ်ရာနဲ့ လူငယ်လေးက ညာဘက်နားရွက် စုတ်ပြတ်ဒဏ်ရာတွေ ရခဲ့တယ်။ အရင်တုန်းကလည်း အဲလိုပဲထင်တိုင်းပစ်နေလို့ ဒေသခံ (၅) ယောက်ထက်မနည်း ဒဏ်ရာရပြီးပြီ”** ဟု ခရွဲကျေးရွာဒေသခံတစ်ဦးက ပြောသည်။

အမျိုးသမီးက ညာခြေသလုံး ဖောက်ဝင်ဒဏ်ရာနဲ့ လူငယ်လေးက ညာဘက်နားရွက် စုတ်ပြတ်ဒဏ်ရာတွေ ရခဲ့တယ်။ အရင်တုန်းကလည်း အဲလိုပဲထင်တိုင်းပစ်နေလို့ ဒေသခံ ၅ ယောက်ထက်မနည်း ဒဏ်ရာရပြီးပြီ

ထိခိုက်ဒဏ်ရာရရှိသူများကို လွတ်မြောက်နယ်မြေတစ်ခုတွင် ဆေးကုသမှုပေးနေပြီး အသက်အန္တရာယ်မစိုးရိမ်ရကြောင်း သိရသည်။

**“အကြောင်းမရှိလည်း လက်နက်ကြီးနဲ့ ပစ်နေတော့ ရွာကလူတွေလည်း ဘယ်အချိန်လက်နက်ကြီးကျမလဲ ဒါပဲ စိုးရိမ်နေရတယ်”** ဟု အခြားခရွဲဒေသခံတစ်ဦးက ထပ်ပြောသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အချက်အလက်များအရ ၂၀၂၄ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း မွန်ပြည်နယ်တွင် လက်နက်ကြီးကြောင့် သေဆုံးသူ (၄၃) ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ (၉၄) ဦး ရှိကြောင်း သိရသည်။

မွန်ပြည်နယ်တွင် မြို့နယ် (၁၀) မြို့နယ်ရှိသည့်အနက် ကျိုက်ထိုမြို့နယ်ရှိ ကရင်အမျိုးသားအစည်းအရုံးထိန်းချုပ်ဒေသတွင် ထိခိုက်သေဆုံးမှု အများဆုံးဖြစ်ပွားခဲ့ပြီး ရေးမြို့နယ်တွင် ဒုတိယအများဆုံး ဖြစ်ပွားခဲ့သည်။

# သရက်ချောင်းမြို့နယ်ရှိ စစ်ဆေးရေးဂိတ်များ ငွေညှစ်တောင်းခံမှု ပိုမိုဆိုးရွားလာ

**စက်တင်ဘာ ၁၉၊ ၂၀၂၄**

တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ်တွင် စစ်ကောင်စီ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် တော်လှန်ရေးတပ်ဖွဲ့များက စစ်ဆေးရေးဂိတ်များ အသီးသီးဖွင့်လှစ်ထားကြပြီး ဖြတ်သန်းသွားလာသည့် ဒေသခံပြည်သူများနှင့် ယာဉ်မောင်းများကို ငွေညှစ်တောင်းခံမှုများ ပိုမိုဆိုးရွားလာနေကြောင်း မွန်လူထုအသံက သိရှိထားသည်။

အာဏာသိမ်းပြီးနောက်ပိုင်း သရက်ချောင်းမြို့နယ်တွင် စစ်ကောင်စီတပ်က စစ်ဆေးရေးဂိတ် (၃) ခု ဖွင့်လှစ်ထားပြီး ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များထံမှ တစ်စီးလျှင် ငွေကျပ် (၅၀,၀၀၀) အထိ တောင်းခံနေသည်။

**“ကုန်တင်ကားဆို ကြီးကြီးငယ်ငယ် စစ်ကောင်စီတပ်က (၅၀,၀၀၀) တောင်းတယ်။ သေနတ်နဲ့ဆိုတော့ မပေးချင်လည်း ပေးနေရတယ်”** ဟု ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

တောင်းဆိုသည့်ပမာဏကို မပေးချေပါက ယာဉ်မောင်းများကို ဖမ်းဆီးပြီး ငွေကြေးဖြင့် လာရောက်ရွေးယူရန် မိသားစုဝင်များထံ အကြောင်းကြားလေ့ရှိသည်။

၎င်းပြင် ကရင်အမျိုးသားအစည်းအရုံးနှင့် တော်လှန်ရေးတပ်ဖွဲ့များကလည်း အောက်သရက်ချောင်း၊ ဘုတ်တောင်နှင့် သရက်ပင်ကြီးကျေးရွာများတွင် စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ထားပြီး ခရီးသည်ယာဉ်တစ်စီးလျှင် ငွေကျပ် (၅,၀၀၀) မှ (၁၀၀,၀၀၀) အထိ တောင်းခံနေသည်။

ထိုင်း-မြန်မာနယ်စပ်ကို တရားမဝင်ဖြတ်ကျော်မည့် ခရီးသည်များ ပါလာပါကလည်း တစ်ဦးလျှင် (၅၀,၀၀၀) ကျပ်မှ စတင်ကောက်ခံနေသည်။

ယာဉ်အရေအတွက်အပေါ်မူတည်၍ ကုန်တင်ယာဉ်အုပ်စု (၁) စုကို ငွေကျပ် (၁၀) သိန်းအထိ တောင်းခံမှုများလည်း ရှိလာကြောင်း ဒေသခံယာဉ်မောင်းများက ပြောသည်။




**“မီးသွေး (၁) အိတ်ကို (၁,၀၀၀) ကျပ်၊ နွား (၁) ကောင်ကို (၅၀,၀၀၀) သောင်းကျပ် ဒေသခံတွေက ကာကွယ်ရေးတပ်ဖွဲ့တွေကို ပေးရတယ်။ သရက်ပင်ကြီးဂိတ်မှာလည်း ရိုးရိုးကားဆိုရင် (၂,၀၀၀) ကျပ်၊ ကုန်တင်ကားဆိုရင် (၁၀) သိန်းကနေ သိန်း (၃၀) အထိ ပေးနေရတယ်”** ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

၎င်းပြင် ပဲဝရွာအနီးရှိ ပင်လယ်ပြင်တွင် တစ်နိုင်တစ်ပိုင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသူများကလည်း ရေလုပ်သားတစ်ဦးလျှင် (၁,၅၀၀) ကျပ်၊ ငါးဖမ်းလှေဆိုလျှင်လည်း အရေအတွက်အပေါ်မူတည်၍ ငွေကျပ် (၃၀,၀၀၀) မှ (၅၀၀,၀၀၀) အထိ ပေးဆောင်နေရသည်။

**“သရက်ပင်ကြီးဂိတ်ဆိုရင် ဒေါင်းညီနောင်စစ်ကြောင်းက အထိုင်ချပြီး စစ်ဆေးနေတယ်။ ကားဆိုရင် အကုန်တောင်းတယ်။ PDF စစ်ဆေးရေးဂိတ်လို့သာ အမည်ခံတာ လက်တွေ့က ပိုက်ဆံတောင်းဖို့ ဂိတ်ဖွင့်ထားသလို ဖြစ်နေတယ်”** ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

သယ်ယူပို့ဆောင်စရိတ် များပြားလာချိန်တွင် စစ်ဆေးရေးဂိတ်များက ငွေညှစ်တောင်းခံနေခြင်းကြောင့် စီးပွားရေးလုပ်ကိုင်သူများ အခက်အခဲဖြစ်လာကြောင်း သိရသည်။

တနင်္သာရီတိုင်း ပုလောမြို့နယ်တွင်လည်း ကရင်အမျိုးသားအစည်းအရုံးနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ကာ ငွေကြေးအဆမတန်ကောက်ခံနေကြောင်း သိရသည်။

# “ရှင်ကြီး ကျားထက်ဆိုး” နေသည့် ဖမ်းဆီးငွေညှစ်မှု (ရေဖြူတွင် မူးယစ်ဆေးဝါးသုံးစွဲသူများကို ဖမ်းဆီးပြီး ငွေညှစ်မှုကို KNU က ဆက်တိုက်လုပ်ဆောင်လာ)




**စက်တင်ဘာ ၁၈၊ ၂၀၂၄**

တနင်္သာရီတိုင်း ရေဖြူမြို့နယ်တွင် လှုပ်ရှားအခြေစိုက်နေသည့် ကရင်အမျိုးသားအစည်းအရုံး၏ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် တပ်မဟာ (၄) နှင့် တပ်မဟာ (၆) တို့သည် မူးယစ်ဆေးဝါးသုံးစွဲသည့် ဒေသခံပြည်သူများကို ဖမ်းဆီးခေါ်ဆောင်သွားပြီး ၎င်းတို့ကို ပြန်လည်လွှတ်ပေးရန်အတွက် မိသားစုဝင်များကို ငွေကျပ်သိန်းရာချီ တောင်းခံသည့်ကိစ္စရပ်များ ဆက်တိုက်ဖြစ်ပွားလာနေကြောင်း သိရသည်။

၂၀၂၄ မတ်လ (၁၁) ရက်နေ့တွင် ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စု သာယာမွန်ကျေးရွာမှ လူငယ် (၃) ဦးကို မူးယစ်ဆေးဝါးသုံးစွဲသည်ဟုဆိုကာ တပ်မဟာ (၄) က ဖမ်းဆီးခဲ့ပြီး ပြန်လည်လွှတ်ပေးရန်အတွက် တစ်ဦးလျှင် ငွေ (၄) သိန်းကျပ် တောင်းယူခဲ့သည်။

ဇူလိုင်လ (၁၈) ရက်နေ့တွင် ရာဖူးကျေးရွာအုပ်စု မိုင် (၆၀) ကျေးရွာမှ အမျိုးသား (၂) ဦးကိုလည်း အလားတူစွပ်စွဲပြီး တပ်မဟာ (၆) က ဖမ်းဆီးခဲ့သည်။ ပြန်လည်လွှတ်ပေးရန်အတွက် ကျပ်သိန်း (၄၀၀) တောင်းခံခဲ့သည်။

စက်တင်ဘာလ (၁) ရက်နေ့တွင် သာယာမွန်ကျေးရွာမှ လူငယ် (၂) ဦးကို မူးယစ်ဆေးသုံးသည်ဟုဆိုကာ တပ်မဟာ (၆) က ဖမ်းဆီးခဲ့ပြီး တစ်ဦးလျှင် ငွေကျပ် သိန်း (၃၀) တောင်းခံခဲ့ပြန်သည်။

စက်တင်ဘာ (၁၂) ရက်နေ့တွင်လည်း ရာဖူးကျေးရွာမှ အသက် (၂၅) နှစ်အရွယ် ကိုအဆီကို မူးယစ်ဆေးသုံးသည်ဟုဆိုကာ တပ်မဟာ (၆) က ဖမ်းဆီးခဲ့ပြီး မိသားစုဝင်များထံ ငွေကျပ်သိန်း (၁၀၀) တောင်းခံခဲ့သည်။

**"ကိုအဆီက သူ့သူငယ်ချင်းအိမ်သွားရင် လမ်းမှာ အဖမ်းခံလိုက်ရတာ။ ည (၇) နာရီလောက်မှာ ဖုန်းဆက်လာပြီး တော့ မူးယစ်ဆေးတွေ့လို့ ဖမ်းတာတဲ့။ အာမခံရချင်ရင် သန်း (၁၀၀) ပေးဖို့ တောင်းတယ်"** ဟု ကိုအဆီ၏မိခင်ဖြစ်သူက ပြောသည်။

ငွေကျပ်သိန်း (၁၀၀) ပေးပြီးနောက် ကိုအဆီကို စက်တင်ဘာလ (၁၃) ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သည်။

တောင်းဆိုသည့်ငွေပမာဏကို ပေးအပ်ခြင်းမရှိပါက "သတ်ပစ်ပြီး အလောင်းဖျောက်ပစ်မည်" ဟု သက်ဆိုင်ရာ တပ်မဟာများက ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း မိသားစုဝင်များက ပြောသည်။

**"ဖမ်းပြီးတော့ လိုချင်တဲ့ငွေပမာဏကို တောင်းနေတာက ပြန်ပေးဆွဲသလို ဖြစ်နေပြီ။ မူးယစ်ဆေးဖမ်းမိတယ်ဆို လည်း သူ့ပြစ်ဒဏ်နဲ့ သူပေါ့။ ပြန်လာမရွေးရင် "သတ်ပစ်မယ်၊ စစ်သားလုပ်ခိုင်းမယ်" အဲလို ခြိမ်းခြောက်နေတာ"** ဟု ရာဖူးကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ဖမ်းဆီးပြီး ငွေတောင်းသည့်လုပ်ရပ်ကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာတပ်မဟာများက ပူးပေါင်း လုပ်ဆောင်နေကြောင်း မွန်လူထုအသံက သိရှိထားသည်။

**"တချို့ဆို တောင်းတဲ့အတိုင်း မပေးနိုင်ဘူး။ ကြောက်လည်းကြောက်တော့ သိန်း (၁၀၀) တောင်းရင် (၇၀) နဲ့ ညှိ တယ်၊ သိန်း (၄၀၀) ဆို (၂၀၀) နဲ့ ညှိတယ်။ KNU တပ်က တာဝန်ရှိသူတွေနဲ့ ညှိရတာပေါ့။ မလောက်ရင် ချေးငှား ပြီးတော့ သွားပြန်ထုတ်ရတာပေါ့"** ဟု မိခင်တစ်ဦးက ပြောသည်။

၎င်းပြင် ၂၀၂၄ ဧပြီလ (၂၄) ရက်နေ့တွင်လည်း မရမ်းချောင်ကျေးရွာမှ အသက် (၃၃) နှစ်အရွယ် အမျိုးသားတစ်ဦး ကို ခားပြဟု စွပ်စွဲကာ တပ်မဟာ (၄) က ဖမ်းဆီးပြီး ငွေကျပ်သိန်း (၄၀၀) တောင်းခဲ့သည်။ ဩဂုတ်လ (၉) ရက်နေ့ တွင်လည်း သာယာမွန်ကျေးရွာမှ အသက် (၄၀) အရွယ် ကိုထော့၏နေအိမ်တွင် ကျည်ဆန် (၁) တောင့် တွေ့ရှိသည် ဟုဆိုကာ ၎င်းကို ဖမ်းဆီးခဲ့ပြီး ငွေကျပ်သိန်း (၁၀၀) တောင်းခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ်လ ပထမအပတ်တွင်လည်း သာယာမွန်ရွာထိပ်တွင် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်က ခရီးသည်ယာဉ်နှင့် ကုန်တင်ကားယာဉ်မောင်းများထံမှ ယာဉ်တစ်စီးလျှင် ငွေကျပ် (၂) သိန်းမှ (၆) သိန်းအထိ အတင်းအဓမ္မကောက်ခံခဲ့သည်။

**"အခုက ဖမ်းဆီးအပြစ်ပေးနေတာ မဟုတ်ဘူး။ ခားပြလို့ နာမည်မခံပေမဲ့ ခားပြတိုက်နေသလိုပဲ"** ဟု ဒေသခံပြည် သူတစ်ဦးက မချိတင်ကဲပြောဆိုသည်။

"

**ဖမ်းပြီးတော့ လိုချင်တဲ့ငွေပမာဏကို တောင်းနေတာက ပြန်ပေးဆွဲသလို ဖြစ်နေပြီ။ မူးယစ်ဆေးဖမ်းမိတယ်ဆိုလည်း သူ့ပြစ်ဒဏ်နဲ့ သူပေါ့။ ပြန်လာမရွေးရင် သတ်ပစ်မယ်၊ စစ်သားလုပ်ခိုင်းမယ် အဲလို ခြိမ်းခြောက်နေတာ**

## မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ စနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင်  နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂)  လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့်  ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့  စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော  လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND